
# မြသန်းတင့်

## လက်ဖက်ရည်ဆိုင်



mgyoe.com

mgyoe.com

အမှန်ကတော့ တံဆိပ်က နွားနို့ပုံးကလေးကို ဆွဲထားတဲ့ နို့ညှစ်သမလေးရဲ့ပုံ။ ဟော်လန်က လုပ်တာ။ ကျွန်တော်တို့တောကတော့ ဟော်လန်သူရယ် ဘာရယ်လို့ သိတာမဟုတ်ဘူး။ နွားနို့ညှစ်သမလေးက ပုံးကလေးဆွဲလာတော့ ကုလားမခြင်းတောင်းလို့ လွယ်လွယ်ပဲ နားလည်သလို ခေါ်လိုက်ကြတာပဲ။ ကုလားမခြင်းတောင်း မရတော့ ကျွန်တော်တို့ နွားနို့နဲ့ဖျော်တယ်။ နွားနို့ကလည်း တောမှာဆိုတော့ အစစ်ရတယ်။ ရေရောစရာ မလိုဘူး။ တစ်ညလုံးကျိုထားရင် နို့က ပျစ်နှစ်ပြီး အဆီတက်နေတယ်။ မလိုင်တွေကို ဝှေ့နေတာပဲ။ မလိုင်အတုအဖြစ် အာဒါလွတ်မှုန့် ထည့်စရာမလိုဘူး။ စစ်ပြီးခေတ်နောက်ပိုင်း တချို့မြို့က ဆိုင်တွေမှာလုပ်သလို ရေအိမ်သုံးတဲ့ စက္ကူကို ဆုတ်ဖြဲထည့်စရာ မလိုဘူး။ မုန့်ကလည်း စမူဆာတို့၊ ပလာတာတို့ လုပ်ရောင်းတယ်။

စားပွဲထိုးကတော့ ကျွန်တော်တို့တစ်တွေပေါ့။ တစ်ခါတလေ လုပ်ရတဲ့ အလုပ်မို့လို့လားမသိဘူး။ လက်ဖက်ရည်ဆိုင် စားပွဲထိုးလုပ်ရတာ တယ်ပြီးပျော်စရာကောင်းတာပဲ။ ကောင်မလေးတွေ လာသောက်ရင် သူ စားပွဲထိုးလုပ်မယ်။ ကိုယ်စားပွဲထိုးလုပ်မယ်လို့ ရာထူးတောင် လုနေရသေးတယ်။




ISBN9789997117731
MTT9
9 789997 117731
900.00 KS

mgyoe.com

mgyoe.com

လက်ပက်ရည်ဆိုင်၊ မြသန်းတင့်
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၈၁ မျက်နှာ၊ ၁၀ • ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးဝင်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ စိတ်ကူးချိုချိုစာအုပ်တိုက်၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# လက်ဖက်ရည်ဆိုင်


## (ပင်ကိုရေးဝတ္ထု)

## မြသန်းတင့်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



(၁)

ရန်ကုန်မြို့မှာ လက်ဖက်ရည်ဆိုင်တွေ ဘယ်လောက်ရှိသလဲ မဆိုနိုင်ဘူး။ မြန်မာတစ်နိုင်ငံလုံးဆိုရင်တော့ မပြောနဲ့တော့၊ သိန်းသန်းချီပြီး ရှိမယ်ထင်တယ်။

ခုခေတ် ပိုများလာတယ်။ "လက်ဖက်ရည်အဖန်သောက်လျှင်ဖြင့် ကျက်သရေအမှန် ရောက်ပါလိမ့်၊ ကြံသလောက်ပြီးတဲ့ရေ" လို့ မန္တလေးခေတ် ဆရာတစ်ဦးက ဆိုဖူးတယ်။ လက်ဖက်ရည်အဖန်သောက်ရင် ကျက်သရေရှိမယ်တဲ့၊ အကြံညဏ်အောင်မယ်တဲ့။ သူက အဲဒီလို ညွှန်းတယ်။ လက်ဖက်ရည်အချိုသောက်ရင်တော့ အကြံညဏ်တွေ သည့်ထက်ပိုထွက်ပြီး သည့်ထက်အောင်မြင်မလားလို့ စိတ်ရှူးပေါက်ပေါက်နဲ့ လျှောက်တွေးမိတယ်။

mgyoe.com

mgyoe.com



ဟုတ်ချင် ဟုတ်မလား မသိဘူး။ ဘာဖြစ်လို့လဲဆို တော့ လက်ဖက်ရည်ဆိုင်မှာ လူတွေ ကြိတ်ကြိတ်တိုး စည်နေတာကိုး။ ကား အရောင်းအဝယ်၊ ကျောက် အရောင်းအဝယ်၊ အိမ် အရောင်းအဝယ်၊ မြေ အရောင်း အဝယ်၊ အတင်းအဖျင်း အရောင်းအဝယ်၊ သတင်း ပလင်း အရောင်းအဝယ်၊ ကုန်အရောင်းအဝယ်တွေက လက်ဖက်ရည်ဆိုင်မှာ ဖြစ်တတ်ကြတာကိုး။

တရုတ်စာရေးဆရာကြီး လောရှေက "လက်ဖက် ရည်ဆိုင်" ဆိုတဲ့ ပြဇာတ်ရှည်ရှည်ကြီးတစ်ပုဒ် ရေးဖူး တယ်။ သူ့ပြဇာတ်ရဲ့ နောက်ခံက ပီကင်းမြို့ရဲ့ လမ်းမ ကြီးတစ်ခုက လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်၊ ခေတ်က တရုတ်ပြည်နောက်ဆုံး မန်ချူးမင်းဆက်ခေတ်၊ အဲဒီ ခေတ်က လက်ဖက်ရည်ဆိုင်ရဲ့ ရှုခင်းကို ပြသွားတယ်။

နောက်တော့ မန်ချူးမင်းဆက် ပြုတ်ကျသွားပြီး တစ်နယ်တစ်မင်းစိုးမိုးနေတဲ့ စစ်ဘုရင်ကြီးတွေရဲ့ခေတ်၊ ခေတ်ကြီးပြောင်းသွားပေမဲ့ လက်ဖက်ရည်ဆိုင်ကြီးက တော့ ကျန်နေတယ်။

အဲဒီခေတ်က လက်ဖက်ရည်ဆိုင်ထဲမှာ တွေ့ရတဲ့ ရှုခင်းကို ရေးပြသွားတယ်။ နောက်တော့ ကူမင်တန် အုပ်စိုးတဲ့ခေတ်။ အဲဒီလက်ဖက်ရည်ဆိုင်မှာ ကူမင် တန်ခေတ်က တွေ့ရတဲ့ရှုခင်းကို ရေးပြသွားတယ်။

mgyoe.com

mgyoe.com



လက်ဖက်ရည်ဆိုင်ကတော့ မပြောင်းဘူး။ သည် လက်ဖက်ရည်ဆိုင်ပဲ။ အနှစ်ငါးဆယ်လောက်ကြာတဲ့ ခေတ်ကြီးသုံးခေတ်အတွင်း လက်ဖက်ရည်ဆိုင်ထဲမှာ တွေ့ရတဲ့ ရှုခင်းတွေ၊ ဇာတ်လမ်းတွေကို ရေးပြသွားတယ်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို နောက်ခံပြုပြီး တရုတ်ပြည်ရဲ့ ခေတ်ကြီးသုံးခေတ်ကို ရေးပြသွားတာပါ။ ဒါကြောင့် လောရှေရဲ့ "လက်ဖက်ရည်ဆိုင်" ဟာ တရုတ်ပြည်ရဲ့ ခေတ်ကြီးသုံးခေတ်သမိုင်းကို ရေးပြသွားတဲ့ မှတ်တမ်းကြီးတစ်ခုလို့ ဆိုကြတယ်။

ကျွန်တော့် လက်ဖက်ရည်ဆိုင်ကတော့ မှတ်တမ်းမဟုတ်ပါဘူး။ ကျွန်တော်တို့မြို့ရဲ့ လက်ဖက်ရည်ဆိုင်ကလေးအကြောင်းပါ။

ကျွန်တော်တို့မြို့က လက်ဖက်ရည်အကြောင်းကို မပြောခင် ကျွန်တော်တို့မြို့အကြောင်းကို ပြောရဦးမယ်။

ကျွန်တော်တို့မြို့က အလွန်ချောင်ကျတဲ့ မြို့ကလေး။ ရန်ကုန်–မန္တလေး မော်တော်ကားလမ်းနဲ့ မီးရထားလမ်းကြီး ခရီးတစ်ဝက်ကျော်ကျော်လောက် ရောက်ရင် မြို့လတ်တစ်မြို့ကို ရောက်တယ်။ အဲဒီမှာ ရထားပြောင်းစီးရတယ်။ ရှစ်နာရီလောက်စီးရင် ရထားလမ်းဆုံးမြို့ဖြစ်တဲ့ မြို့ကြီးတစ်မြို့ကို ရောက်တယ်။

mgyoe.com

mgyoe.com



အဲဒီမြို့ကြီးကနေ ကူးတို့သင်္ဘောနဲ့ သုံးလေးနာရီလောက် ကူးရတယ်။ အဲသည်မြို့ကြီးကိုရောက်ရင် မိုးချုပ်သွားပြီ။ ကျွန်တော်တို့မြို့ကလေးကို ဆက်သွားလို့မရတော့ဘူး။ အဲသည်မြို့ကြီးမှာ ညအိပ် နောက်တစ်နေ့ ညနေပိုင်းကျမှ ကျွန်တော်တို့မြို့ကလေးကို ဘတ်စ်ကား နှစ်နာရီလောက် စီးရတယ်။ ညနေပိုင်းလို့ ပြောတာက တခြားကြောင့်မဟုတ်ဘူး။ ကျွန်တော်တို့မြို့ကလေးကို မနက်ပိုင်းမှာ ထွက်တဲ့ကား မရှိဘူး။ မြို့ကလေးက ဘတ်စ်ကားတွေက မနက်ထွက်လာပြီး ညနေပိုင်းကျမှ ပြန်ဝင်ကြတာ။

ဒါကြောင့်မို့ ညနေပိုင်းထိအောင် စောင့်ရတယ်။ ကျွန်တော်တို့မြို့ကလေးကို ညနေမိုးချုပ်မှ ရောက်တယ်။ ကျွန်တော်တို့မြို့ကလေးကို ရန်ကုန်ကသွားရင် နှစ်ညအိပ်နဲ့ တစ်နေ့ခရီး သွားရတယ်။

ကျွန်တော်ပြောတဲ့ခရီးစဉ်က ရှုပ်သွားပြီမဟုတ်လား၊ ဟုတ်တယ်၊ ကျွန်တော်တို့မြို့ကလေးက အဲသည်လောက် ချောင်ကျတယ်။ လန်ဒန်နဲ့ လော့အိန်ဂျယ်လိစ်၊ ပါရီနဲ့ ပီကင်း၊ အဘာဒင်းနဲ့ အေသင်တို့ကို သွားရတာ သည်လောက် ခရီးအဆင့် မများဘူး။ သည်လောက် ယာဉ်အတန်တန် မစီးရဘူး။ အဲသည်လောက် ချောင်ကျတဲ့ မြို့ကလေးမှာတောင် လက်ဖက်

mgyoe.com

mgyoe.com



ရည်ဆိုင်တစ်ဆိုင်လောက်တော့ ရှိတယ်။

အစကတော့ လက်ဖက်ရည်ဆိုင် မရှိဘူး။ နောက်တော့ ကျွန်တော်တို့ဆီမှာ မြို့အုပ်ရုံးရှိတော့ စာရေးစာချီတွေ၊ အမှုသည်တွေ ရှိလာတယ်။ အမှုသည်တွေက တချို့လည်း ကျွန်တော်တို့မြို့ပေါ်က၊ တချို့ကလည်း တောက၊ တောကဆိုတော့ မြေမှုလည်းရှိတယ်။ ရိုက်မှု၊ ဓားထိုးမှု၊ လူသတ်မှု၊ နွားခိုးမှု၊ လုယက်မှုစတဲ့ ရာဇဝတ်မှုတွေလည်း ရှိတယ်။

ရုံးဝင်းထဲမှာ သက်သေတွေ၊ အမှုသည်တွေ နားနေဖို့အတွက် သက်သေတဲလို့ခေါ်တဲ့ အဆောက်အအုံလေးတစ်ခု ရှိတယ်။

တောကလာတဲ့ အမှုသည်တွေ၊ သက်သေတွေဟာ လှည်းကိုချွတ်ပြီး အဲဒီတဲကလေးမှာ နားနေပြီး အဲသည်နားမှာပဲ ချက်ပြုတ်စားကြတယ်။ နောက်တော့ သက်သေတဲကလေး မီးလောင်သွားတယ်။ အမှုသည်တွေ၊ သက်သေတွေ နားခိုစရာ မရှိတော့ဘူး။ သည်တွင် ရုံးဘေးမှာ လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင် ပေါ်လာတယ်။ အဲဒါ ကျွန်တော်တို့မြို့ရဲ့ ပထမဆုံး လက်ဖက်ရည်ဆိုင်။ လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ဦးအောင်ရှတဲ့၊ ဦးအောင်ရှက အရပ်က ခပ်ညှက်ညှက်။ လူကလည်း ပိန်ပိန်ကလေးရယ်။ ကျွန်တော့်

mgyoe.com

mgyoe.com



အထင်တော့ တရုတ်သွေးပါတယ် ထင်တာပဲ။ နာမည်ကလည်း တရုတ်နာမည်နဲ့တူတယ်။ အသားဖြူတော့ လူကလည်း တရုတ်နဲ့တူတယ်။ ကျွန်တော်တို့မြို့ဇာတိ မဟုတ်ဘူး။ ကျွန်တော်တို့မြို့က ဒေါ်ဖွားမိနဲ့ အကြောင်းပါပြီး ကျွန်တော်တို့မြို့မှာပဲ အခြေချနေတာ။ ဦးအောင်ရှုက အမြဲတမ်းလိုလို ပန်းနာရင်ကျပ် ဖြစ်နေတတ်တယ်။ နွေဆိုရင်လည်း နွေမိုးလို့ ပန်းနာထတယ်။ ဆောင်းဆိုရင်လည်း ဆောင်းမိုးလို့ သူ့ ရောဂါထတယ်။ မိုးတွင်းမှာတော့ သူ့ရောဂါက သက်သာတယ်။ အညာဆိုတော့ မိုးက ကောင်းကောင်းမရွာဘူး။ နေကလည်း နွေလောက် မပူဘူး။ ဆောင်းလောက်လည်း မအေးဘူး။ သည်တော့ သူ့ရောဂါက အညာမိုးတွင်းနဲ့ဆိုရင် အတော်ပဲ။ ကျန်တဲ့အချိန်တွေမှာတော့ ကုတ်အင်္ကျီကြီးနဲ့ ခေါင်းမှာ ကတ်ဦးထုပ်ကလေးနဲ့ ခြေမှာ ခြေအိတ်ကို ဝတ်နေရတာပဲ။

ဦးအောင်ရှုနဲ့ ဒေါ်ဖွားမိမှာ သားသမီး မရဘူး။ သူတို့လင်မယားနှစ်ယောက်ပဲ ရှိတော့ ချောင်ချောင်လည်လည် ရှိတယ်။

သက်သေတဲကလေး မီးလောင်သွားတော့ တောကလာတဲ့ အမှုသည်တွေ ဒုက္ခရောက်ကြတယ်။ သက်သေတဲကို မီးလောင်ထားတော့ ရုံးကလည်း ရုံးဝင်းထဲ

mgyoe.com

mgyoe.com


မှာ မီးမဖိုရလို့ အမိန့်ထုတ်ထား၊ အမှုသည်တွေ၊ သက်သေတွေမှာ လက်ဖက်ရည်အဖန်ကလေး သောက်ချင်လို့မှ ရေနွေးမရှိဘူး။ အနီးတစ်ဝိုက်မှာ တမာပင်တို့၊ မန်ကျည်းပင်တို့ စတဲ့ အရိပ်ရတဲ့သစ်ပင်တွေတော့ ရှိပါရဲ့။ ဒါပေမဲ့ မြို့အုပ်ရုံးက မြို့လယ်ကောင်မှာ ရှိတာဆိုတော့ အဲ... သက်သေတဲကလေး မီးလောင်ပြီးကတည်းက အနီးအနားတစ်ဝိုက်က သစ်ပင်တွေအောက်မှာလည်း မီးမဖိုရဘူး။ အမှုသည်တွေ၊ ဈေးသွားဈေးလာတွေ ထမင်းမချက်ရဘူးလို့ အမိန့်ထုတ်ထားတယ်။

သည်တော့ အမှုသည်တွေ၊ ဈေးသွားဈေးလာတွေ ရေနွေးကလေးသောက်ချင်လို့မှ ရေနွေးကျိုစရာ မရှိဘူး။ လက်ဖက်ရည်အဖန်ကလေး သောက်ချင်လို့မှ အဖန်အိုး ကျိုစရာမရှိ။ ရေနွေးကို မကျိုရတဲ့ထဲမှာ ဈေးသွားဈေးလာတွေလည်း ပါတယ်။ ဈေးသွားဈေးလာဆိုတာ အခြားမဟုတ်ဘူး။ ကျွန်တော်တို့မြို့ကလေးကို ဈေးရောင်းလာကြသူတွေ၊ ဈေးဝယ်လာကြသူတွေကို ပြောတာ။ ကျွန်တော်တို့မြို့မှာ နေ့တိုင်း ဈေးမရှိဘူး။ ငါးရက်ဈေးရှိတယ်။ ဈေးဖိတ်နေ့ဆိုရင် မြို့ကလေးကို ဆယ့်လေးငါးမိုင်ခရီးအထိ ကျွန်တော်တို့မြို့က ငါးရက်ဈေးကလေးကိုလာပြီး ဈေးရောင်းကြတယ်။

လှည်းတန်းကြီးတွေ တအီအီနဲ့ပေါ့။ လှည်းတွေ

mgyoe.com

mgyoe.com



ပေါ်မှာ မန်ကျည်း၊ ထန်းလျက်အိုး၊ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ စသည်ဖြင့် ကျေးလက်ထွက်ကုန်တွေ ပါတတ်တယ်။ လှည်းတွေပေါ်မှာပဲ အိတ်တွေကိုတင်၊ လှည်းပေါင်းမိုးအောက်မှာ မိသားစု တစ်စုလုံး လိုက်လာကြတယ်။ နောက်က ဖုန်တွေတထောင်းထောင်းကြားမှာ ခွေးကလေးက ပြေးလိုက်လို့။ သက်သေတဲကို မီးလောင်ထားတော့ စောစောကပြောသလို အမှုသည်တွေအတွက်ရော၊ ဈေးသွားဈေးလာတွေအတွက်ရော လက်ဖက်ရည်အဖန်ကလေး သောက်ဖို့တောင် ခက်နေတယ်။ သည်တွင်... မိတ်ဆွေတွေက ဦးအောင်ရှုကို လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ အကြံပေးကြတယ်။ ဦးအောင်ရှု ဆိုတဲ့လူက အပေါင်းအသင်းကောင်းတယ်။ ပျော်ပျော်နေတတ်တယ်။ စေတနာကောင်းတယ်။

သူ့အိမ်က တစ်ထပ်မြေစိုက်အိမ်ကလေး။ ရုံးကြီးဘေးနားမှာ ကပ်လို့။ သူက သည်တုန်းက ဇယ်တောက်ခုံကလေး ထောင်တယ်။ ကျွန်တော်တို့ကလေးတွေ သွားသွားပြီး ကစားကြတယ်။ ကစားခကိုတော့ ပေးရတာပေါ့။ တစ်ပွဲကို ဘယ်လောက် စသဖြင့်ပေါ့လေ။ နောက်တော့ သူ ဘိလိယက်ခုံထောင်တယ်။ ဘိလိယက်ခုံက ပထမတော့ ခုံသေး။ နောက်တော့ ခုံကြီးထောင်တယ်။ သူက နဂိုကတည်းက ဘိလိယက်

mgyoe.com

mgyoe.com


ဝါသနာပါတယ်။ ဒေါ်ဖွားမိနဲ့မရခင် လူပျိုကတည်းက ဘိလိယက်ကို အလွန်ဝါသနာကြီးတယ်။

ဒါကြောင့် ဒေါ်ဖွားမိနဲ့ရလို့ ကျွန်တော်တို့မြို့ကလေး ရောက်လာတော့ ဇယ်တောက်ခုံကလေး စထောင်တယ်။ နောက်တော့ မြို့က ကာလသားတွေနဲ့ ပေါင်းမိပြီး ဘိလိယက်ခုံထောင်တယ်။ ဘိလိယက်ခုံက သက္ကလတ်စားပွဲခင်းစိမ်းကြီးပေါ်မှာ ပြေးလွှားနေတဲ့ ဘောလုံးအဖြူအနီကလေးတွေနဲ့ ကျူတံကြီးကို တအံ့တသြ ကြည့်ကြတယ်။

သည်လိုနဲ့ ဦးအောင်ရှု လက်ဖက်ရည်ဆိုင် ထောင်တယ်။ ကျွန်တော်တို့မြို့ကလေးမှာ ပထမဆုံးသော လက်ဖက်ရည်ဆိုင်။ တရုတ်သွေးပါတဲ့ ဦးအောင်ရှုရဲ့ ဆိုင်၊ သူ့ဆိုင်မှာ လက်ဖက်ရည်ရတယ်။ ကော်ဖီရတယ်။ ကိုကိုး ရတယ်။ မုန့်ထဲကဆိုရင် ဓားလှီးမုန့်၊ လမုန့်၊ ကြက်ဥမုန့်၊ အန်စာမုန့်၊ မုန့်ကြိုးလိမ် စတဲ့ တရုတ်မုန့်မျိုးစုံ ရတယ်။ စီးကရက်က အဲဒီတုန်းက ခေတ်စားတဲ့ ကတ်ပစတန်၊ ပိုလိုဆီးလမ်းကလောက်၊ ကတ်ကြေး၊ ဂိုးဖလိပ်၊ မုတ်ဆိတ်၊ ပလေးယားစတဲ့ စီးကရက်တွေရတယ်။ အများအားဖြင့်တော့ ပိုလိုပဲ များပါတယ်။ ကျွန်တော်တို့ဆီမှာတော့ ဖြူဖြူအလိပ်ဆိုရင် ဘယ်စီးကရက်ကိုပဲဖြစ်ဖြစ် ပိုလိုလို့ခေါ်လိုက်တာ

mgyoe.com

mgyoe.com



ပဲ။ တချို့ကတော့ မြင်းပိုလိုလို့လည်း ခေါ်ကြသေးတယ်။ ပိုလိုရိုက်နေတဲ့ တံဆိပ်နဲ့။ အများအားဖြင့်တော့ တခြားစီးကရက်ကို သိပ်မသောက်ကြတော့ဘူး။ ပိုလိုကိုပဲ သောက်တာပါပဲ။ ဈေးလည်းပေါ။ ဆေးစပ်နဲ့ အနံ့ကလည်း မြန်မာအကြိုက်နဲ့ တွေ့လို့ထင်ပါရဲ့။

ဦးအောင်ရှုရဲ့ လက်ဖက်ရည်ဆိုင်ဟာ တစ်နှစ်၊ နှစ်နှစ်လောက်အတွင်းမှာ ကြီးပွားလာတယ်။ လက်ဖက်ရည်ဆိုင်နဲ့ မုန့်တွင် မကတော့ဘဲ ကုန်စုံဆိုင်ဖြစ်လာတယ်။

ကျွန်တော်တို့ဆီမှာတော့ ရုပ်ဆိုင်လို့ခေါ်တာပေါ့။ စွပ်ကျယ်အင်္ကျီတို့၊ အလှကုန်တို့၊ အိမ်သုံးဆေးတို့၊ ခဲတံတို့၊ ဗလာစာအုပ်တို့၊ ပေါင်ဒါဘူးတို့ စသည်ဖြင့် အမျိုးမျိုးရောင်းတဲ့ဆိုင် ဖြစ်လာတယ်။

သည်လိုနဲ့ ဦးအောင်ရှုရဲ့ ရုပ်ဆိုင်ဟာ ကျွန်တော်တို့မြို့ကလေးရဲ့ ပထမဆုံးသော လက်ဖက်ရည်ဆိုင်နဲ့ ရုပ်ဆိုင်ဖြစ်လာတယ်။ ဦးအောင်ရှုရဲ့ လက်ဖက်ရည်ဆိုင် နည်းနည်းဟန်ကျလာတော့ ကျွန်တော်တို့ မြို့ကလေးမှာ လက်ဖက်ရည် နောက်ထပ်တစ်ဆိုင် တိုးလာပြန်တယ်။

သူ့ဆိုင်က မြို့ထဲကမဟုတ်ဘူး၊ မြို့အဝင်မှာ။ မြို့အဝင်မှာ ဗိုလ်တဲရှိတယ်။ ဗိုလ်တဲကို အရာရှိတွေလာ

mgyoe.com

mgyoe.com



ကြတယ်။ သူတို့နဲ့အတူ စာရေးစာချီတွေ၊ ထမင်းချက်တွေ၊ ရုံးအကူ လုလင်တွေလည်း ပါတတ်၊ လာတတ်ကြတယ်။ သူတို့တစ်တွေ လက်ဖက်ရည်သောက်ချင်ရင် မြို့ထဲရုံးကြီးနားက ဦးအောင်ရှုဆိုင်ကို ည လာသောက်ကြရတယ်။ ခရီးတော့ သိပ်တော့မဝေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မြို့က ပူတယ်မဟုတ်ဘူးလား။ သည်တော့ နေပူကြီးထဲမှာ လာသောက်ရတာ ပင်ပန်းတယ်။ တော်ရုံတန်ရုံနဲ့ မထွက်ချင်ကြတော့ဘူး၊ ပူတာကလည်း ပူသလားမမေးနဲ့။ ကျွန်တော်တို့အရပ်ဟာ ကဆုန်နယုန်မှာဆိုရင် ဖာရင်ဟိုက်ဒီဂရီ ၁၁၀ ဆိုတာ အနည်းဆုံး၊ တစ်ခါတလေ သည့်ထက်တောင် ကျော်ချင်သေး။ သည်တော့ မြို့အဝင် ဗိုလ်တဲနားမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် တိုးလာတယ်။ သည် ဆိုင်ရှင်ကတော့ မွတ်ဆလင်အမျိုးသားဖြစ်တဲ့ ဦးယူစွတ်ပါ။

ကျွန်တော်တို့မြို့ကလေးကတော့ သူ့ကို ဦးဘယူလို့ ခေါ်ကြတယ်။ သူလည်း ကျွန်တော်တို့မြို့သားမဟုတ်ဘူး။ ကျွန်တော်တို့မြို့ကလေးက ချောင်ကျတော့ ကျွန်တော်တို့ တစ်မြို့လုံးဟာ ဗမာတွေချည်းပဲ။ တခြားလူမျိုးစုတွေတောင် မရှိဘူး။ တရုတ်သွေးပါတဲ့ ဦးအောင်ရှုက တစ်နယ်သား၊ အိန္ဒိယသွေးပါတဲ့ ဦးဘယူကလည်း တစ်နယ်သား၊ ကျွန်တော်တို့ဆီလာပြီး

mgyoe.com

mgyoe.com



အလုပ်လုပ်ရင်း ကျွန်တော်တို့ အရပ်သူတွေနဲ့ အိမ်ထောင်ကျပြီး အခြေကျသွားကြတယ်။

ဦးဘယုရဲ့ လက်ဖက်ရည်ဆိုင်ကတော့ အိမ်မဟုတ်ဘူး။ သူ့အိမ်က နည်းနည်းလှမ်းတယ်။ သည်တော့ ဗိုလ်တဲရှေ့က မန်ကျည်းပင်ကြီးနားမှာ ဆိုင်ကလေးတစ်ဆိုင် ဆောက်တယ်။ သူလည်း အဲဒီမှာ အိပ်တယ်။ သူ့ဆိုင်က လက်ဖက်ရည်၊ ကော်ဖီရတယ်။ ပြီးတော့ စမူဆာ၊ ပလာတာ စတဲ့ ကုလားမုန့်တွေ ရတယ်။

ဘယ်ဆိုးလို့လဲ ကျွန်တော်တို့မြို့လို သိပ်ပြီးချောင်ကျတဲ့ မြို့ကလေးမှာ လက်ဖက်ရည်ဆိုင်နှစ်ဆိုင် ရှိသွားပြီပေါ့။ တစ်ဆိုင်က တရုတ်သွေးပါတဲ့ ဦးအောင်ရှုရဲ့ဆိုင်၊ နောက်တစ်ဆိုင်က အိန္ဒိယသွေးပါတဲ့ ဦးဘယုရဲ့ဆိုင်၊ တရုတ်မုန့်နဲ့ လက်ဖက်ရည်နဲ့ ကော်ဖီသောက်ချင်ရင် ကျွန်တော်တို့တစ်တွေ ဦးအောင်ရှုဆိုင်ကို သွားကြတယ်။ စမူဆာတို့၊ ပလာတာတို့နဲ့ လက်ဖက်ရည်သောက်ချင်ရင် ဦးဘယုဆိုင်ကို သွားကြတယ်။ ဈေးပိတ်နေ့ညတို့၊ ဈေးနေ့မနက်တို့ဆိုရင် ကျွန်တော်တို့တစ်တွေ အဲဒီလက်ဖက်ရည်ဆိုင်ကို သွားထိုင်ကြတယ်။

ရယ်တော့ရယ်ရတယ်။ ကျွန်တော် ပထမဆုံး

mgyoe.com

mgyoe.com



.လက်ဖက်ရည်ဆိုင်ထိုင်တော့ အိမ်က အဖေက သိသွားပြီး အရိုက်ခံရတယ်။ ဒီအရွယ်ဟာ လက်ဖက်ရည်ဆိုင်ထိုင်တဲ့အရွယ် မဟုတ်ဘူးတဲ့။ လက်ဖက်ရည်ဆိုင်ဆိုတာ လူကြီး ထိုင်ရတယ်တဲ့။ ဟုတ်တော့လည်း ဟုတ်တယ်။

အဲဒီတုန်းက လက်ဖက်ရည်ဆိုင်ဆိုရင် အလုပ်အကိုင်ရှိတဲ့ လူကြီးတွေပဲ ထိုင်ကြတာများတယ်။ သူတို့ကတော့ အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းလာရင် အိမ်မှာ လက်ဖက်ရည်မတိုက်ဘူး။ လက်ဖက်ရည်ဆိုင်ထွက်သွားပြီး လက်ဖက်ရည်တိုက်တယ်။ အလုပ်မရှိဘဲ လက်ဖက်ရည်ဆိုင်ထိုင်ရင် ဒီကောင် တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ် ဘာအလုပ်မှ မရှိတိုင်း အားအားယားယားရှိ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ကြမ်းပိုးထိုးနေတာပဲလို့ ပြောကြတယ်။

အလုပ်မရှိတော့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး သတင်းစာဖတ်မယ်။ အာလာပသလ္လာပ ပြောမယ်။ ဘိလိယက်ခုံတို့၊ ဘာတို့ ရှိရင်လည်း ဘိလိယက်ထိုးတာ ထိုင်ကြည့်မယ်။ ဒါနဲ့ အချိန်ကုန်တတ်ကြတာကိုး။ အဲဒီခေတ်က တစ်မတ်လောက်ရှိရင်လည်း လက်ဖက်ရည်ဆိုင် ထိုင်လို့ရတယ်လေ။ လက်ဖက်ရည်တစ်ခွက်မှ သုံးပြား။ လစ်ပတန်နဲ့ ဖျော်တယ်။ ဒါမှ

mgyoe.com

mgyoe.com



မဟုတ်ရင်လည်း ဘရွတ်ဘွန်းနဲ့ဖျော်တယ်။ လစ်ပတန် လက်ဖက်ခြောက်ထုပ်က ခဲပတ်နဲ့၊ အစိမ်းရောင်စက္ကူ တံဆိပ်ကလေးကပ်လို့ ဘရွတ်ဘွန်းက ဘူးနီ။ ဖျော်တော့ နို့ဆီနဲ့ မဖျော်ဘူး။ နို့ကျဲဘူးနဲ့ ဖျော်တယ်။ စီးကရက်က ပိုလိုဆိုရင် ဆယ်လိပ်ဝင်တစ်ဘူးကို ဆယ်ပြားနဲ့သုံးပဲလောက်ပဲ ပေးရတယ်။

ကျွန်တော်တို့မြို့ကလေးမှာ ဒီလိုနဲ့ တရုတ်ဆိုင်နဲ့ ကုလားဆိုင် ပေါ်လာတယ်။ နောက်တော့ မြန်မာဆိုင်ဆိုပြီး ပေါ်လာပြန်တယ်။ သူက ဈေးနားမှာဖွင့်တယ်။ ဆိုင်ရှင်က ဦးဘဂျမ်းတဲ့။ ပထမဆုံး လက်ဖက်ရည်ဆိုင်ဖွင့်တဲ့ ဦးအောင်ရှုရဲ့ ယောက်ဖ၊ သူ့အစ်မနဲ့ ဦးအောင်ရှု ရတာ။ သူက လက်ဖက်ရည်ဖျော်တဲ့ အတွေ့အကြုံရှိတယ်။ သူ့ယောက်ဖ ဦးအောင်ရှုရဲ့ဆိုင်မှာ တစ်လျှောက်လုံး လက်ဖက်ရည်ဖျော်လာတာ။ ဦးအောင်ရှုက ကျန်းမာရေးမကောင်းတော့ လက်ဖက်ရည်ဆိုင်ကို ဖြုတ်လိုက်ပြီး ကုန်စုံဆိုင်သက်သက်ပဲ ဖွင့်တော့တယ်။ ဦးဘဂျမ်းဆိုင်မှာတော့ မြန်မာမုန့်တွေ တင်လာတယ်။ ဆနွင်းမကင်းတို့၊ ဝက်အူချောင်းတို့၊ ဗယာကြော်တို့၊ မရွှေးတို့၊ အုန်းမုန့်ကူတို့ ရောင်းတယ်။

နောက်တော့ ဦးအောင်ရှုက ကျွန်တော်တို့မြို့မှာ ပလိပ်ရောဂါကြီးဖြစ်လို့ ပလိပ်ရောဂါနဲ့ သေဆုံးသွား

mgyoe.com

mgyoe.com


တယ်။ ဦးဘယူကတော့ ဂျပန်အဝင်မှာ အိန္ဒိယကို စစ်ပြေးဒုက္ခသည်အဖြစ် ပါသွားတယ်။ ဦးဘဂျမ်းကတော့ လက်ဖက်ရည်ဆိုင် ဆက်ဖွင့်ပါသေးရဲ့။ ဒါပေမဲ့ ဂျပန်ခေတ်ကျတော့ သကြားမရ၊ လက်ဖက်ခြောက်မရ၊ နို့ဆီမရနဲ့ဆိုတော့ သူ့အရင်းအနှီးကလေးပြုတ်ပြီး လက်ဖက်ရည်ဆိုင်ကလည်း ပြုတ်သွားတယ်။

လက်ဖက်ရည် ယဉ်ကျေးမှုဟာ တရုတ်က စတယ်လို့ ဆိုကြတယ်။ ဒါကြောင့်မို့လားတော့ မသိဘူး။ ကျွန်တော်တို့မြို့မှာတော့ ပထမဆုံးလက်ဖက်ရည်ဆိုင်ဟာ တရုတ်လက်ဖက်ရည်ဆိုင်၊ နောက်တော့ ကုလားလက်ဖက်ရည်ဆိုင်၊ ဗမာလက်ဖက်ရည်ဆိုင်ကတော့ နောက်ဆုံးပေါ်လာတာ။


ဒီလက်ဖက်ရည်ဆိုင် သုံးဆိုင်ဟာ ကျွန်တော့်ဘဝ၊ တစ်နည်းပြောရရင် ကျွန်တော်တို့မြို့ကလေးမှာ ပထမဆုံးတွေ့ရတဲ့ လက်ဖက်ရည်ဆိုင်တွေပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်က ဖြစ်မှာပေါ့။

❖

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



(၂)

လက်ဖက်ရည်ဆိုင်ထိုင်ရတာဟာ တော်တော်ပျော်စရာကောင်းတယ်။ လက်ဖက်ရည်ဆိုင်မှာ သောက်ရတာ အဆောင်အယောင် အခမ်းအနားတွေ မရှိဘူး။ လွတ်လပ်တယ်။ ဘယ်သူ့ကိုမှ အားနာစရာ မလိုဘူး။ သူ့တန်ရာတန်ကြေးပေးရင် လက်ဖက်ရည်ဆိုင်ရှင်ကလည်း တာဝန်ကျေတယ်။ ဖောက်သည် ဖြစ်သွားပြီဆိုရင် လက်ဖက်ရည်ဆိုင်ထိုင်ရတာဟာ ကိုယ့်အိမ်ကို ပြန်ရသလိုပဲ။ ဘာမှ အားနာစရာ မလိုတော့ဘူး။ ဆိုင်ရှင်ကလည်း ကိုယ့်ဖောက်သည်လာတာနဲ့ သူက ချိုဆိမ့်သောက်တယ်။ သူက ချိုပေါ့ကြိုက်တယ်။ သူက ချိုပေါ့ကျကြိုက်တယ် စသဖြင့် အလိုလို သိပြီးနေပြီ။ အထူးမှာစရာ မလိုဘူး။ ကိုယ့်အကြိုက်ကို

mgyoe.com

mgyoe.com


ဖျော်ပြီး စားပွဲပေါ် အလိုလိုရောက်လာတယ်။ အဖော်မပါဘူးဆိုရင် လက်ဖက်ရည်တစ်ခွက်ကိုသောက်ရင်း သတင်းစာတွေ လျှောက်ဖတ်နိုင်တယ်။

ကျွန်တော်တို့ငယ်ငယ်က ကျွန်တော်တို့မြို့ကလေးမှာ သတင်းစာယူတဲ့သူဆိုလို့ ဘာရှိလို့လဲ။ ရွာဦးကျောင်းက ဘုန်းကြီးရယ်၊ ကျောင်းအုပ်ဆရာကြီးရယ်၊ သမဝါယမစာရေးကြီးရယ်၊ ဦးအောင်ရှုရဲ့ လက်ဖက်ရည်ဆိုင်ရယ် တစ်မြို့လုံးမှာ သတင်းစာလေးစောင်ပဲ ရှိတယ်။ အဲဒီတုန်းက မြန်မာ့အလင်းနဲ့ သူရိယသတင်းစာဆိုပြီး နှစ်မျိုးပဲရှိတယ်။ ဘုန်းတော်ကြီးက အဲဒီတုန်းက ရွှေတောင်ကြားလို့ခေါ်တဲ့ နိုင်ငံရေးပါတီဘက်က လိုက်နေတဲ့ မြန်မာ့အလင်းသတင်းစာကို ယူတယ်။ သမဝါယမ စာရေးကြီးကတော့ အဲဒီတုန်းက ရွှေတောင်ကြားပါတီနဲ့ ပြိုင်ဘက်ဖြစ်တဲ့ ငါးပွင့်ဆိုင်ပါတီကို သဘောကျတယ်။ ဒါကြောင့်မို့ သူတို့က ငါးပွင့်ဆိုင်ပါတီကို ထောက်ခံရေးတဲ့ သူရိယသတင်းစာကို ယူကြည့်တယ်။ အဲ ဦးအောင်ရှုကတော့ နှစ်ဆယ့်တစ်ဦးကို ထောက်ခံခဲ့တဲ့ မြန်မာ့အလင်းကိုရော၊ ငါးပွင့်ဆိုင်ပါတီကို ထောက်ခံခဲ့တဲ့ သူရိယကိုပါ နှစ်စောင်လုံးကို ယူတယ်။

ဒီတော့ ကျွန်တော်တို့မြို့က နိုင်ငံရေးဝါသနာ

mgyoe.com

mgyoe.com


ပါတဲ့သူတွေ လက်ဖက်ရည်ဆိုင်ထိုင်လို့ကို မရတော့ဘူး။ ညနေပိုင်း ဒိစတြိတ်မြို့ကြီးက သတင်းစာပို့ကားနဲ့အတူ သတင်းစာပါတာနဲ့ ဦးအောင်ရှူက သတင်းစာကို ဘယ်သူ့မှမပေးဘဲ သိမ်းထားလိုက်တယ်။ နောက်တစ်နေ့မနက်ကျမှ မနက်ခင်းလက်ဖက်ရည်နဲ့အတူ သူ့သတင်းစာနှစ်စောင်ကို စားပွဲပေါ်တင်တယ်။ ဒီတော့ သတင်းထူး သတင်းဦး ဖတ်ချင်တဲ့သူက မနက်အစောကြီး လက်ဖက်ရည်ဆိုင်ကို သွားရတယ်။ အဲဒီတုန်းက ကျွန်တော်တို့မြို့ကလေးမှာ ရေဒီယိုဆိုလို့ တစ်လုံးမှ မရှိသေးဘူး။ ရေဒီယိုကလည်း ပေါ်ခါစ ရှိသေးတာကိုး။ သတင်းစာကို ဖတ်ပြီးတာနဲ့ မနက် ဦးအောင်ရှူဆိုင်မှာ စကားစစ်ထိုးပွဲကြီး စပြီလေ။

မြေတိုင်းစာရေးကြီး ဦးပေါ်အိုင်က ဒေါက်တာဘမော်ရဲ့ လူ။

ဒေါက်တာဘမော် ခေါင်းပေါင်းစ ပေါင်းတာ၊ ကတ်ဦးထုပ်အစောင်း ဆောင်းထားတာကအစ သဘောကျတဲ့လူ။

ဒေါက်တာဘမော်ရဲ့ ဆင်းရဲသားပါတီကို ထောက်ခံတယ်။ သူက ဒေါက်တာဘမော်ကို မထိနဲ့။ ဒေါက်တာဘမော်ကို မကောင်းပြောတာနဲ့တစ်ပြိုင်နက် နှုတ်ခမ်းမွေးတွေဘာတွေ ထောင်လာပြီး မြန်မာပြည်မှာ

mgyoe.com

mgyoe.com


ဒေါက်တာဘမော်လောက် တော်တဲ့လူမရှိတော့ကြောင်း၊ ဒေါက်တာဘမော်လောက် အင်္ဂလိပ်စာတတ်တဲ့သူ မရှိတော့ကြောင်း၊ မြန်မာပြည်ကြီးကို သူကယ်တင်မှာဖြစ်ကြောင်း အာပေါင်အာရင်းသန်သန်နဲ့ ပြောတော့တာပဲ။

စာရေးကြီးဦးပေါ်အိုင် ဒေါက်တာဘမော်ရဲ့လူလို့သာ ပြောရတာ။ တကယ်ကျတော့ သူ ဒေါက်တာဘမော်ကို မြင်ဖူးတာ မဟုတ်ဘူး။ သတင်းစာထဲမှာပါတဲ့ မိန့်ခွန်းတွေ ဘာတွေကို သဘောကျပြီး ဒေါက်တာဘမော်ကို ထောက်ခံနေတာ။

ဦးအောင်ရှုရဲ့ လက်ဖက်ရည်ဆိုင်ကို မနက်လင်းလင်းချင်း သတင်းစာ လာဖတ်တဲ့ နောက်တစ်ယောက်ကတော့ လျှောက်လွှာစာရေးကြီး ဦးစံပရယ်။ တကယ်တော့ လျှောက်လွှာစာရေးကြီး ဦးစံပဟာ လက်ဖက်ရည်သောက်တတ်တဲ့လူ မဟုတ်ဘူး။ သူက လက်ဖက်ရည်ကို ကြိုက်လည်းကြိုက်တာ မဟုတ်ဘူး။ သူက ကွမ်းပဲစားတာ။ သူအမြဲလွယ်နေတဲ့ အိတ်ကလေးထဲမှာ ကွမ်းအစ်တစ်လုံး အမြဲပါတယ်။ သူ့ကွမ်းအစ်ကလေးက ကျောက်ကာကွမ်းအစ်ကလေး။ အဲဒီကွမ်းအစ်ကလေးထဲမှာ ကွမ်းသီးစိတ်ပါတယ်။ ထုံးဘူးပါတယ်။ ကွမ်းရွက်ပါတယ်။ ဆေးရွက်ကြီးပါတယ်။

mgyoe.com

mgyoe.com



လေးညှင်းပွင့် နည်းနည်းပါတယ်။ ဒါပဲ။ ကွမ်းယာလည်း စားသလား မမေးနဲ့။ တစ်နေ့ကို ကွမ်းယာအစိတ်နဲ့သုံးဆယ်ကြားမှာ ကုန်တယ်။ သူက လက်ဖက်ရည်အချို မပြောနဲ့။ လက်ဖက်ရည်အဖန်တောင် သိပ်သောက်တာမဟုတ်ဘူး။ ပါးစောင်ကျင်းရုံလောက်ပဲ သောက်တာ။ တစ်ချိန်လုံး ကွမ်းချည်းဝါးနေတာပဲ။

သူက ဦးအောင်ရှုရဲ့ လက်ဖက်ရည်ဆိုင်လာတာ လက်ဖက်ရည်သောက်ဖို့ မဟုတ်ဘူး။ လက်ဖက်ရည်ကြမ်း သောက်ဖို့လည်း မဟုတ်ဘူး။ သတင်းစာ ဖတ်ချင်လို့လာတာ။ အဲဒီတုန်းက နိုင်ငံရေးပါတီတစ်ခုဖြစ်တဲ့ ငါးပွင့်ဆိုင်ပါတီကို ထောက်ခံတဲ့သူ။ ငါးပွင့်ဆိုင်ပါတီရဲ့ ခေါင်းဆောင်က ဦးဘဘော။ သူကလည်း ဦးဘဘောကို မထိနဲ့။ ဦးဘဘောက ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ပြောရင် ပါးစပ်ထဲက ဝါးနေတဲ့ ကွမ်းတွေကို ထွေးထုတ်ပစ်လိုက်ပြီး ဦးဘဘောဘက်က အကျောက်အကန် ငြင်းတော့တာပဲ။ တကယ်တော့ သူလည်း ဦးပေါ်အိုင်လိုပဲ ဦးဘဘောကို မြင်ဖူးတာ မဟုတ်ဘူး။

ရန်ကုန်ကိုလည်း ရောက်ဖူးတာမဟုတ်ဘူး။ ဦးဘဘော စကားပြောတာ တရားဟောတာ ကြားဖူးတာ မဟုတ်ဘူး။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေးကို ဦးဘဘော

mgyoe.com

mgyoe.com



ခေါင်းဆောင်ခဲ့တာ။ သူ အစပြုခဲ့တာလို့ ယူဆနေတဲ့ လူ။ ဒါကြောင့် ဦးဘဘောကို အထိမခံဘူး။

ဦးအောင်ရှုရဲ့ လက်ဖက်ရည်ဆိုင်ကို ရောက်လာတဲ့ နောက်တစ်ယောက်ကတော့ ပင်စင်စား မူလတန်းကျောင်းဆရာ ဦးထွန်းရင်ပါ။ သူက သျှောင်ထားပြီး အင်္ကျီကိုလည်း အမြဲတမ်း လက်ရှည်အင်္ကျီဝတ်တယ်။ သူဝတ်တဲ့ အင်္ကျီလက်ရှည်က ပင်ဖြူပင်နီ၊ ဖျင်ကြမ်းလက်ရှည်တွေ၊ ဘယ်လောက်ပူတဲ့ အိုက်တဲ့ ရာသီဖြစ်ဖြစ် အဲဒီဖျင်ကြမ်းအင်္ကျီကိုတော့ ဝတ်ရမှ။ သူများတွေက ချွေးတွေတလုံးလုံးနဲ့ စွပ်ကျယ်အင်္ကျီတောင်မှ မဝတ်နိုင်တဲ့ အချိန်မှာတောင် သူက ဖျင်ကြမ်းလက်ရှည်ကြီးကို မချွတ်ဘူး။

သျှောင်ကို အမြဲတမ်း ဆီသထားပြီး ခေါင်းမှာထုံးခြောက်ရောင် ပဝါပါးကလေးကို ဖိုသီဖတ်သီ ရစ်ပတ်ထားတယ်။

သူကတော့ ဦးအောင်ရှုဆိုင်ကိုလာတာ လက်ဖက်ရည်သောက်ဖို့ လာတာမဟုတ်ဘူး။ လက်ဖက်ရည်ကြမ်းနဲ့ ဆေးပေါ့လိပ်သောက်ဖို့ လာတာ။ သူက ပဋ္ဌရူပ ဆေးပေါ့လိပ်အတုတ်ကြီးတွေကို ကြိုက်တယ်။ ဆေးစပ်ကောင်းသတဲ့။ ဆေးရိုးစစ်သတဲ့။ အုန်းနဲ့ရိုး မဟုတ်ဘူးတဲ့။ ဆေးရွက်ကလည်း ကွမ်းရွာဆေးတဲ့။

mgyoe.com

mgyoe.com



ကွမ်းရွာဆေးကောင်းကောင်းကို ဆေးရိုးနဲ့ မန်ကျည်းမှည့်နဲ့ ထန်းလျက်နဲ့၊ တောအရက်နဲ့နယ်၊ နေကောင်းကောင်းပြထားတဲ့ ဆေးစပ်တဲ့။ သနပ်ဖက်ကလည်း စိမ်းပြီး အနံ့က သင်းနေသတဲ့။ ရွှေဖီမိုးလွတ် လက်ဖက်ခြောက် ခတ်ထားတဲ့ လက်ဖက်ရည်အဖန်ကို သောက်။ ပဥ္စရူမ ဆေးလိပ်အတုတ်ကြီးကို ခဲပြီး ထိုင်နေတာပဲ။

သူကလည်း လက်ဖက်ရည်တို့ဘာတို့ မသောက်ပေမဲ့ ဦးအောင်ရှုဆိုင်ကိုရောက်ရင် သတင်းစာမဖတ်ဘဲ မနေနိုင်ဘူး။

ဒါပေမဲ့ သူက သူရိယနဲ့ မြန်မာ့အလင်း သတင်းစာနှစ်စောင်ကို လက်ကမချဘဲ ဖတ်တော့တာပဲ။

ဒါ့ကြောင့် သူက သတင်းစာကို သူများတွေဖတ်ပြီးလောက်ပြီဆိုမှ နောက်ဆုံးဖတ်လေ့ရှိတယ်။ အဲဒီတုန်းက မြန်မာ့အလင်းသတင်းစာကလည်း ကြည့်ဦးလေ။ စာမျက်နှာ ၆၄ မျက်နှာရှိတယ်။ ဆိုဒ်ကလည်း အကြီးကြီး။ တစ်စောင်ကို ငါးပြား။ အဲဒီမှာ ခေါင်းကြီးပါတယ်။ ဆောင်းပါးပါတယ်။ နိုင်ငံခြားသတင်းပါတယ်။ ပြည်တွင်းသတင်း ပါတယ်။ ကုန်ဈေးနှုန်းသတင်း ပါတယ်။ ဒါတွေကို သူ အကုန်ဖတ်တယ်။ ကြော်ငြာကအစ ဖတ်တယ်။ ဒီတော့ ကျောင်းဆရာ

mgyoe.com

mgyoe.com



ဦးထွန်းရင်ဟာ ကျွန်တော်တို့မြို့ကလေးမှာ စွယ်စုံကျမ်းကြီးလို ဖြစ်နေတယ်။

နေ့လယ် ထမင်းစားချိန်လောက်ဆိုရင် သူ အိမ်ခဏပြန်တယ်။ ထမင်းပြန်စားပြီးတော့ မကြာပါဘူး။ လက်ဖက်ရည်ဆိုင် ပြန်ရောက်လာပြီး သတင်းစာကို ဆက်ဖတ်တာပဲ။ အဲဒါ ညနေထမင်းစားချိန်လောက်မှ ပြန်သွားတယ်။ ညပိုင်းတော့ သူ သိပ်လာလေ့မရှိဘူး။ စောစောအိပ်တယ်။

ဦးအောင်ရှရဲ့ လက်ဖက်ရည်ဆိုင်ကိုလာတဲ့ နောက်တစ်ယောက်ကတော့ ကျောက်ထိုးဆရာ ဦးဘရှိရယ်။ ဦးဘရှိက မျက်လုံးပြူးပြူး မျက်ဆန်ကျယ်ကျယ်နဲ့။ ဒီအထဲ မျက်စိက စွေချင်သေးတယ်။ လူကလည်း တော်တော်ကြီးခိုင်တဲ့ ခန္ဓာကိုယ်ကြီး။ အရပ်က ခြောက်ပေနီးပါး ရှိမယ်။ အသံကလည်း နည်းနည်းကျယ်တယ်။ လူကြီးတွေက သူ့ကို ဆရာလေးဘရှိလို့ခေါ်ပြီး အမျိုးသမီးနဲ့ ကလေးတွေကတော့ အရှိလို့ ခေါ်ကြတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက အရှိကို တော်တော်ကြောက်ကြတယ်။ မျက်လုံးကြီးကလည်း ပြူးပြူး၊ အရပ်ကြီးကလည်း မားမား၊ အသံကလည်း ကျယ်ကျယ်ဆိုတော့ သူ့ကို ကြောက်ကြတာပေါ့။

mgyoe.com

mgyoe.com



ကလေးက ငိုနေရင် တိတ်နော် မငိုနဲ့ အရိုကို ခေါ်လိုက်ရမလားဆိုရင် တိတ်သွားတာပဲ။ ကလေးတွေက သူ့ကို တယ်ကြောက်ကြတာကိုး။

မကြောက်ဘဲ ဘယ်နေပါ့မလဲ။ သူက ကလေးတွေမှန်သမျှကို ကျောက်ဆေး ထိုးပေးနေတာကိုး။ ကလေးဆိုတာ ကျောက်ဆေးထိုးရမှာတို့၊ ဘာတို့ကို သိပ်ကြောက်တတ်တယ် မဟုတ်လား။

ဒါကြောင့် လမ်းမမှာ အရိုလျှောက်လာလို့ မတိတ်သေးဘူးလား၊ အရိုကို တိုင်ပြောလိုက်မယ်လို့ ပြောလိုက်ရင် တော်တော်ကလေးတော့ တစ်ခါတည်း တိတ်သွားတာပဲ။

ဦးအောင်ရှု့ရဲ့ လက်ဖက်ရည်ဆိုင်ကို ဦးဘရို လာတာကတော့ တခြားလူတွေလို လက်ဖက်ရည်သောက်ဖို့လည်း မဟုတ်ဘူး။ သူက လက်ဖက်ရည်နဲ့ မတည့်ဘူး။ ဗိုက်နာတဲ့ရောဂါရှိလို့ အဲဒီတုန်းက နာမည်ကြီးတဲ့ မက်ကလင်း အစာကြေဆေးကို ဘူးကလေးနဲ့ အမြဲဆောင်ထားပြီး ဗိုက်နာတိုင်း ရေနဲ့မော့သောက်လေ့ရှိတယ်။ လက်ဖက်ရည်တို့၊ ကော်ဖီတို့ကို သောက်လေ့မရှိဘူး။ သူတို့လင်မယားက သားသမီးတို့ဘာတို့လည်း မရှိတော့ ချောင်ချောင်လည်လည်ရှိတယ်။ ဒါကြောင့် သူက လက်ဖက်ရည်ဆိုင်တို့၊ ဘယ်တို့က

mgyoe.com

mgyoe.com


မုန့်တွေကို စားလေ့မရှိဘူး။ သူ့အိမ်ကိုသူ ပြန်စားတတ်တယ်။ ဆာလွန်းလို့စားရင် မုန့်ကြက်ဥလေး တစ်ခု တလေလောက်ပဲ စားတယ်။

ဦးအောင်ရှုဆိုင်ကို လာတဲ့အကြောင်းက တခြား ကြောင့်မဟုတ်ဘူး။ သတင်းစာဖတ်ဖို့လည်း မဟုတ်။ သတင်းစာကို သူ ဝါသနာမပါဘူး။ တစ်ခါတလေမှပဲ ကောက်ဖတ်တယ်။

ဒါလည်း အလွန်ထူးတဲ့ သတင်းဆန်းတွေပါမှ ဖတ်တာ။ သူ့အဖို့ သတင်းဆန်းဆိုတာ တခြားမဟုတ်ဘူး။ သောက်ရေအိုးလောက်ကြီးတဲ့ သင်္ဘောသီးတို့၊ လေးမြွာပူးမွေးတာတို့၊ ကျီးကန်းအဖြူတွေ့တာတို့၊ ရှစ်နှစ်သမီးလေးက အရပ်ခြောက်ပေရှိတာတို့ စတဲ့ သဘာဝ မဟုတ်တဲ့ ထူးထူးခြားခြားဖြစ်တတ်တဲ့ အဖြစ်အပျက်မျိုးတွေကို သူ စိတ်ဝင်စားတယ်။ အဲသည်သတင်းမျိုး တွေပါရင် သူ သတင်းစာကိုဖတ်တယ်။ အဲသည် သတင်းမျိုး မပါလို့ကတော့ ကမ္ဘာစစ်ကြီး ဖြစ်တော့ မယ်ဆိုရင်လည်း သူ မဖတ်ဘူး။ သူများပြောတာ လောက်ကိုပဲ နားထောင်တယ်။ သူသိချင်ရင် ကောက် မေးမယ်။

ဦးအောင်ရှုဆိုင်ကို သူ လာရတဲ့အကြောင်းက တော့ တခြားအကြောင်းမဟုတ်ဘူး။ ဘိလိယက်ရှိလို့

mgyoe.com

mgyoe.com


လာတာ။ သူက ဘိလိယက်ဝါသနာအိုး။ ဘိလိယက် ထိုးရရင်ကတော့ ထမင်းစားရမှန်းလည်း မသိတော့ဘူး။ ကျောက်ဆေးထိုး သွားရမှန်းလည်း မသိတော့ဘူး။

ဦးဘရှိဟာ အားအားရှိရင် ဘိလိယက်ခုံမှာပဲ အချိန်ကုန်တာပဲ။ တောမှာဆိုတော့ ကျောက်ထိုးတဲ့ အလုပ်ဆိုတာ အမြဲတမ်းရှိတာ မဟုတ်ဘူးလေ။ အနီးအနားက ရွာကလေးတွေကို တစ်လတစ်ခေါက်လောက် လျှောက်သွားပြီး ကလေးတွေကို ကျောက်ဆေးထိုး။ ကျောက်ရောဂါတို့ ဘာတို့ စိုးရိမ်ရတဲ့အခါမျိုးမှာ လူကြီးတွေကိုပါ ကျောက်ဆေးထိုး။ သည်အလုပ်လောက်ပဲ ရှိတာကိုး။ ကျန်တဲ့အချိန်မှာတော့ သူ့ဘိလိယက်ခုံမှာပဲ အချိန်ကုန်တာပဲ။

သူနဲ့ ဘိလိယက်ထိုးဖက်ကတော့ ကိုမြဒေါင်ပါ။ (အမှန်ကတော့ ကိုမြတောင်ပါ။ ဒါပေမဲ့ တစ်မြို့လုံးက သူ့ကို ကိုမြဒေါင်လို့ ခေါ်ကြပါတယ်) ကိုမြဒေါင်ကတော့ ဘာမှမလုပ်ဘူး။ သူ့အဖေက ရာဇဝတ်အုပ်ကြီးဆိုတော့ တောမှာ ပိုက်ဆံကလေး၊ ဘာလေး နည်းနည်းပါးပါးရှိတယ်။ သူ့အမေက ထန်းကလေး၊ ယာကလေး နည်းနည်းပါးပါးရှိတယ်။ ပြီးတော့ သူက တစ်ဦးတည်းသောသားဆိုတော့ ဘာမှမလုပ်ဘဲ နေနိုင်

mgyoe.com

mgyoe.com


တယ်။ သူ့အလုပ်က တယောကောင်းကောင်း ထိုးမယ်။ ဒါပဲ။

သူကိုင်တဲ့ တယောက ရှေးရှေးတုန်းကပေါ်တဲ့ ဟွန်းတယောကြီး။ ပြောင်လက်လို့၊ သူ့တယောကို သူ တော်တော်ရှိသေတယ်။ သူက ရှေးသီချင်းကြီးတွေကို လည်း ရတယ်။ ကာလပေါ်တွေကိုလည်း ရတယ်။ ညည လသာသာမှာ တောင်ကုန်းရပ်ကနေပြီး ရှိစုံ ရွက်ကြာ ပတ်ပျိုးကို သူ့တယောနဲ့ ဆိုထိုး ထိုးလာရင် တကယ် လွမ်းစရာကောင်းတာ။

တစ်ခါတလေမှာလည်း ကိုမြဒေါင်က လေဘာတီ မြရင်တို့၊ စိန်ပါတီတို့ဆိုတဲ့ ကာလပေါ်တွေကို ဆိုပြီး တီးပြတတ်သေးတယ်။

အသံကလည်း ခပ်ဝါဝါ၊ အဆိုကလည်း ခပ်ကောင်းကောင်းဆိုတော့ ကိုမြဒေါင် တယောထိုးလာရင် နားစွင့်မိကြတာချည်းပဲ။ သူက အပေါင်းအသင်းလည်းကောင်းတော့ ဘယ်အိမ်မဆို သူ့အိမ်ချည်းပဲ။ အချိန်မရွေး သူ ထမင်းဆာရင် အိမ်ပြန်မနေတော့ဘဲ ရောက်တဲ့အိမ်မှာ ထမင်းဝင်စားသွားတာချည်းပဲ။

ညညဆိုရင်လည်း သူက သည်နေ့ည၊ သည်အိမ်မှာ စခန်းချပြီး လက်ဖက်ရည်ကြမ်းနဲ့ အမြည်းနဲ့။ စားရင်းသောက်ရင်း တယောထိုးမယ်။ သီချင်းဆိုမယ်။

mgyoe.com

mgyoe.com


နောက်တစ်နေ့ညကျတော့ နောက်အိမ် တစ်အိမ်မှာ စခန်းချပြီး သီချင်းဆိုမယ်။ တယောထိုးမယ်။

သည့်လိုနဲ့ ကျွန်တော်တို့မြို့ကလေးမှာ သူ စခန်းချပြီး သီချင်းမဆိုဖူးတဲ့အိမ်ဆိုလို့ မရှိသလောက်ပဲ။ ကျွေးတဲ့သူတွေက သူ့ဆိုရင် သဒ္ဒါတယ်။

အဲ ဦးအောင်ရှုရဲ့ ဘိလိယက်ခုံကို ရောက်ပြီဆိုရင်တော့ ကိုမြဒေါင်ဟာ ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိဘူး။ တယောကိုလည်း သတိမရတော့ဘူး။ အများအားဖြင့်တော့ နေ့လယ်ပိုင်းမှာ သူနဲ့ ဦးဘရှိနဲ့ လက်ဖက်ရည်ဆိုင်လာတဲ့ အကြောင်းကတော့ လက်ဖက်ရည်သောက်ဖို့လည်း မဟုတ်ဘူး။ သတင်းစာဖတ်ဖို့လည်း မဟုတ်ဘူး။ ဘိလိယက်ထိုးဖို့ လာကြတာ။ နှစ်ယောက်စလုံးကလည်း လက်ကောင်းတဲ့လူတွေဆိုတော့ သူတို့နှစ်ယောက် ဘိလိယက်ထိုးရင် တော်တော်ပွဲစည်တယ်။ သူတို့ထိုးတဲ့တက်တင်းက လာကြည့်တဲ့ သူတို့မိတ်ဆွေတွေကို လက်ဖက်ရည်တိုက်ရမယ်။ ဆယ်ယောက်ဖြင့် ဆယ်ယောက်၊ ဆယ့်ငါးယောက်ဖြင့် ဆယ့်ငါးယောက် စသဖြင့်ပေါ့။

ကိုမြဒေါင်က ဦးဘရှိထက်ငယ်တော့ ကစားရာမှာ တစ်ခါတလေ ညစ်တယ်။ ညစ်ရင် ဦးဘရှိ ဒေါ်တွေပွပြီး အော်ကျယ်အော်ကျယ်နဲ့ ဆဲတော့တာပဲ။

mgyoe.com

mgyoe.com



ဆဲလေ၊ ကိုမြဒေါင်က တဟဲဟဲနဲ့ရယ်ပြီး ညစ်လေပဲ။ သည်တွင် ဦးဘရှိ ဒေါပွသည်ထက် ပွလာပြီး ဘောလုံးကို လိုချင်တဲ့ဆီကိုရောက်အောင် မထိုးမိတော့ဘဲ ဟိုထိုးသည်ထိုး ဖြစ်ကုန်တော့တာပဲ။

တစ်ခါတလေ သက္ကလတ်စိမ်းကြီးကို ထိုးမိပြီး ပြဲသွားလို့ ဦးအောင်ရှူက 'မြဒေါင်ရာ၊ မင်းစတာနဲ့ ငါ့ သက္ကလတ်စကြီး ပြဲသွားပြီကွာ၊ နောက်တစ်ခါ ဒီလူကြီးကို မစစမ်းပါနဲ့' လို့ တောင်းပန်ယူရတယ်။

ဦးအောင်ရှူရဲ့ လက်ဖက်ရည်ဆိုင်ကို မှန်မှန်လာတဲ့ တစ်ယောက်ကတော့ ဦးဖိုးသီးပါ။ သူက အဲသည်ကတည်းက အသက်တော်တော်ကြီးပါပြီ။ သူ့ခေါင်းက ကတုံးဆံတောက်။ တစ်ခေါင်းလုံး ဖွေးနေတယ်။

အသားကလည်း မည်းလိုက်တာမှ နက်မှောင်နေတာပဲ။ ရုပ်ကလည်း ကုလားရုပ်။ ဒါပေမဲ့ ကုလားသွေး တစ်စက်မှမရောတဲ့ ဗမာစစ်စစ်ပါ။

သူက ပထမကမ္ဘာစစ်တုန်းက စစ်တပ်ထဲဝင်ပြီး မက်ဆိုပိုတေးမီးယား စစ်မြေပြင်ထိအောင် ရောက်ခဲ့ဖူးတယ်။

အဲသည်စစ်မြေပြင်မှာ တူရကီတွေနဲ့ တိုက်ရတဲ့ အကြောင်းကို မကြာခဏ ပြောလေ့ရှိတယ်။ ကျွန်တော်တို့တစ်တွေ စစ်ပွဲအကြောင်းကို မကြားဖူး၊ မမြင်

mgyoe.com